
[illegible]
**Karenni Civil Society Network**
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

ဩတိုဘာ ၉ ရက်၊ ၂၀၂၄ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ တစ်လတစ်ကြိမ် အခြေအနေ တင်ပြချက်၊ ဩဂုတ်လ ၂၆ ရက် – စက်တင်ဘာလ ၃၀ ရက်နေ့ထိ၊၂၀၂၄ ခုနှစ် ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ – ဩဂုတ်လ ၂၅ ရက်၊ ၂၀၂၄ | ဩဂုတ်လ ၂၆ – စက်တင်ဘာလ ၃၁ ရက်၊ ၂၀၂၄ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၅၄၅ | ၂၁ | ၅၆၆ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၇၄ | | ၃၇၄ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၆၃၃ | ၄၅ | ၆၇၈ |
| ၄ | အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ | | | |
| | လွိုင်ကော်မြို့နယ် | ၁၅၆၆ | ၁ | ၁၅၆၇ |
| | ဒီးမော့ဆိုမြို့နယ် | ၆၄၅ | | ၆၄၅ |
| | မယ်စဲ့မြို့နယ် | ၃၁ | | ၃၁ |
| | ဖယ်ခုံမြို့နယ် | ၅၀၅ | ၂၃ | ၅၂၈ |
| | ဖရူဆိုမြို့နယ် | ၁၅၁ | | ၁၅၁ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၃၈ | | ၁၃၈ |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| စဉ် | မြို့နယ် | ခန့်မှန်းဦးရေ ဩဂုတ်လ ၂၅ ရက်နေ့ အထိ ၂၀၂၄ | IDPs အသစ် ဩဂုတ်လ ၂၆ ရက်-စက်တင်ဘာလ ၃၁ ရက်၊ ၂၀၂၄ ခုနှစ် | စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ |
| ၁ | လွိုင်ကော် | ၉၂၃၁၁ | | ၉၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၁၄၄၀၃ | | ၁၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | စုစုပေါင်း | ၂၈၂၆၁၅ | | ၂၈၂၆၁၅ |



စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဩဂုတ်လ၂၆ရက်မှ စက်တင်ဘာလ ၃၀ရက်နေ့ထိ၊၂၀၂၄ ခုနှစ်
N
W
E
S
ရှမ်းပြည်နယ်
ရှမ်းပြည်နယ်
နမ့်တဘက်ချောင်း
လွိုင်လင်လေး
ဖယ်ခုံ
မိုးပြဲ
လွိုင်ကော်
နန်းမယ်ခုံ
ရှားတော
ဒီးမော့ဆို
ဖရူဆို
မြန်မာနိုင်ငံ
ကရင်နီပြည်နယ်
ဘောလခဲ
ရွာသစ်
ဘီပီ - ၉
# ၁
ဘီပီ - ၁၀
ဘီပီ - ၁၁
# ၂
ဘီပီ - ၁၂
ထိုင်းနိုင်ငံ
ဖါးဆောင်း
မော်ချီး
ဘီပီ - ၁၃
မယ်စဲ့
ကရင်ပြည်နယ်
ဘီပီ - ၁၆
ဘီပီ - ၁၄
ဘီပီ - ၁၅
အညွှန်း
မြို့နယ်
ဒရုန်းဗုံးကြဲတိုက်ခိုက်မှုများ
လေကြောင်းဗုံးကြဲတိုက်ခိုက်မှု
လက်နက်ကြီးဖြစ် ပစ်ခပ်မှု
KA + KNDF + KNPLF + LPDF နှင့်
စကစ တိုက်ပွဲနေရာများ
သိမ်းပိုက်ခြင်းခံ (သို့) ဆုတ်ခွါသွား
သောတပ်စခန်းများ
စစ်တပ်အခြေပြုနေရာများ
ကရင်နီဒုက္ခသည် စခန်း (၁),(၂)
ဘီပီ -၉ မှ ၁၆
လမ်း
မြစ်၊ ချောင်း
ပြည်နယ် နယ်နိမိတ်
0 5 10 20 Kilometers

လွိုင်ကော်၊ ဒီးမော့ဆိုနှင့် ဖယ်ခုံမြို့နယ်တို့အား စကစ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၂၁ ဦး သေဆုံး၊ ၄၅ ဦး ထိမှန်ဒဏ်ရာရ

စက်တင်ဘာလအတွင်း စစ်ကောင်စီတပ်များသည် ကရင်ပြည် လွိုင်ကော်၊ ဒီးမော့ဆိုနှင့် ဖယ်ခုံမြို့နယ်တို့အား လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် အရပ်သား ၂၁ ဦး ထိမှန်သေဆုံးခဲ့ပြီး ၄၅ ဦး ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့သည်။ အဆိုးဆုံးဖြစ်စဉ်သည် ဖယ်ခုံမြို့နယ်အတွင်း စစ်ဘေးရှောင်တစ်ခုအား လေယာဉ်ဖြင့် ပေါင်၅၀၀ အလေးချိန်ရှိသော ဗုံးနှစ်လုံးဖြင့် တိုက်ခိုက်ခဲ့သည့်အတွက် အရပ်သား ၉ဦး ထိမှန်သေဆုံးသွားခဲ့ပြီး ၂၀ ဦး ထိမှန်ဒဏ်ရာ ရရှိသွားခဲ့သည်။

ဩဂုတ်လ ၃၀ ရက်၊ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ဒီးမော့ဆိုမြို့အခြေစိုက် စကစ ခလရ ၁၀၂ မှ ကျေးရွာများအတွင်းသို့ လက်နက်ကြီးနှစ်လုံးဖြင့် ရမ်းသန်းပစ်ခတ်လာသည့်အတွက် ပြည်သူများ၏ စပါးခင်းများနှင့် ပြောင်းခင်းများပျက်စီးသွားခဲ့သည်

စက်တင်ဘာလ ၄ ရက်၊ မွန်းလဲ ၃ နာရီဝန်းကျင်အချိန်တွင် စစ်ကောင်စီမှ ဒီးမော့ဆိုမြို့နယ်၊ နန်းမယ်ခုံမြို့အား လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ ထိုတရက်အတွင်း ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ လွိုင်လင်လေးမြို့အတွင်းတွင် တပ်စွဲထားသော လွိုင်လင်မြို့အတွင်းရှိ ကာကင်းစခန်းများ၊ ကျောင်းကုန်း၊ ကုန်းဆွတ်၊ အောင်ပလ၊ ကယန်းလေးတာဝါတိုင်ကုန်း စတဲ့နေရာများအား ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲဖြစ်ပွားစဉ် စစ်ကောင်စီတပ်များသည် မြို့အတွင်းသို့ လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ဗုံးကြဲတိုက်ခိုက်ကာ အရပ်သား ၁၀ ဦးထိမှန်သေဆုံးကာ ၇ ဦးထိမှန်ဒဏ်ရာရရှိသွားခဲ့သည်။ ထို့အပြင် လက်နက်ကြီးကြောင့် ဘုန်းကြီးကျောင်းထိမှန် ပျက်စီးသွားခဲ့သည်။

စက်တင်ဘာလ ၅ ရက်၊ နံနက် ၉ နာရီ အချိန်တွင် စစ်ကောင်စီမှ တိုက်လေယာဉ်ဖြင့် ဒီးမော့ဆိုမြို့နယ်၊ နန်းမယ်ခုံမြို့အား ဗုံးကြဲတိုက်ခိုက်သွားခဲ့သည်။ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အရပ်သား တစ်ဦးသေဆုံးကာ ၈ ဦး ထိမှန်ဒဏ်ရာ ရရှိခဲ့သည်။ ထို့အပြင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ဖယ်ခုံမြို့နယ်၊ ဘန်ကောက်စစ်ဘေးရှောင် စခန်းတစ်ခုအား စစ်ကောင်စီမှ တိုက်လေယာဉ်ဖြင့် ပေါင်အလေးချိန် ၅၀၀ ရှိသော ဗုံးနှစ်လုံးနှင့် တိုက်ခိုက်ခဲ့သည့်အတွက် ကလေးငယ်များအပါအဝင် အရပ်သား ၉ ဦးသေဆုံးကာ ၂၀ ဦး ထိမှန်ဒဏ်ရာရရှိသွားခဲ့ သည့်အပြင် နေအိမ် ၂၀ ကျော်လည်း ထိမှန်ပျက်စီးသွားခဲ့သည်။

စက်တင်ဘာလ ၆ ရက်၊ တိုက်ပွဲဖြစ်ပွားနေသော လွိုင်လင်လေးမြို့အတွင်း စစ်ကောင်စီတပ်များမှ လေကြောင်းဖြင့် ၂ ကြိမ်ဗုံးကြဲတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။

စက်တင်ဘာလ ၂၀ ရက်၊ ညနေ ၄ နာရီခွဲအချိန်တွင် စစ်ကောင်စီတပ်များမှ လေကြောင်းဖြင့် ဖယ်ခုံမြို့နယ် အတွင်းရှိ လတိန်းကျေးရွာအား ပေါင်အလေးချိန် ၅၀၀ ရှိသော ဗုံးသုံးလုံးဖြင့် တိုက်ခိုက်ခဲ့သည့်အတွက် အသက် ၃၂ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦး ထိမှန်သေဆုံးသွားကာ ကလေးငယ်များအပါအဝင် အရပ်သား ၁၀ ဦးထိမှန် ဒဏ်ရာ ရရှိသွားခဲ့သည့်အပြင် နေအိမ်အချို့ထိမှန် ပျက်စီးသွားခဲ့သည်။

**ontact persons:**
Khu Ko Reh Tel: +66 65 329 7814

Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com